အကျွန်ကတော့ စစ်တွေအခြေစိုက် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်

မိတ်ဆွေတို့ အတွက် လျှပ်စစ်အန္တရာယ်ကြိုတင်ကွယ်နိုင်ရန်အတွက် မိမိတို့အိမ်ရှိ လျှပ်စစ်ပစ္စည်းများ စတင် အသုံးမပြုမီ လုပ်ဆောင်ရမည့် အချက်များကို အသိပေးပြောပြလိုပါသည်

- စစ်တွေမြို့တွင် ယခုရက်ပိုင်းအတွင်း လျှပ်စစ်မီးရရှိတော့မည် ဖြစ်သောကြောင့် လျှပ်စစ်အန္တရာယ်ကို အထူးသတိထားကြရန် စစ်တွေမြို့နယ် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာနက သတိပေးထားပါသည်။
- လျှပ်စစ်အန္တရာယ်ကြိုတင်ကွယ် ရန်အတွက် မိမိတို့နေအိမ်များအတွင်း သို့မဟုတ် ဓါတ်တိုင်များနှင့် သွယ်တန်းထားသည့် လျှပ်စစ်ကြိုးများအား နားလည်တတ်ကျွမ်းသည့် ပညာရှင်များဖြင့် ကြိုတင် ပြသထားရန်
- မိမိတို့အိမ်အဝင်ဗို့အားမှန်၊ မမှန် သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်စစ်ဆေးပြီးမှ တဖြေးဖြေးချင်း သုံးစွဲကြရန်
- လျှပ်စစ်မီးရရှိသည့်အခါတွင်လည်း နေအိမ်ရှိ အကြီးစားသုံးစွဲရမည့် တီဗွီ၊ ရေခဲသေတ္တာ၊ ရေမော်တာနှင့် မီးပူတိုက်တာ စသဖြင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို ချက်ချင်းသုံးစွဲခြင်းကို မပြုလုပ်ကြရန်
- လျှစ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေချိန် ဓာတ်အားလိုင်းအနီး သစ်ပင်ခုတ်ခြင်း၊ အိမ်ခေါင်မိုး မိုးနေခြင်း၊ ဖုန်းလိုင်းကြိုးဆွဲနေခြင်း၊ တီဗွီအန်တနာ၊ ဖုန်းအန်တနာထောင်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ ထောင်ခြင်း စသည့် လျှပ်စစ်အန္တရာယ်ဖြစ်စေတက်သော လုပ်ငန်းများဆောင်ရွက်ခြင်းမပြုကြရန် နှင့် မဖြစ်မနေ ဆောင်ရွက်ရမည်ဆိုပါကလည်း သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ ကြိုတင် သတင်းပေးပို့ပြီး လိုင်းရှင်းလက်မှတ်ရယူပြီးမှသာ ဆောင်ရွက်ကြရန်

ကျေးဇူးတင်ပါသည် မိတ်ဆွေတို့ အားလုံး လျှပ်စစ်အန္တရာယ် ကင်းဝေးနိုင်ကြပါစေ